**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၈ /၂၀၂၃**
**၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၅ ရက်**
**(၂၀၂၃ ခုနှစ် ၊ ဇူလိုင် လ ၁၂ ရက်)**

**ပြည်ပနေပုဂ္ဂိုလ်များ အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးသဘောတူစာချုပ် (Avoidance of Double Taxation Agreement - DTA) နှင့်အညီ အခွန်ဆိုင်ရာအကျိုးခံစားခွင့်တောင်းခံနိုင်ရန် ပုံစံများသတ်မှတ်ထုတ်ပြန်ခြင်း**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၈၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံနှင့် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေး သဘောတူစာချုပ် (Avoidance of Double Taxation Agreement- DTA) ချုပ်ဆိုထားသည့် စာချုပ်ဝင်နိုင်ငံတစ်ခုခုမှ ဌာနေပုဂ္ဂိုလ် (Resident) ဖြစ်သည့် ကုမ္ပဏီ (သို့မဟုတ်) တစ်ဦးချင်းပုဂ္ဂိုလ် (သို့မဟုတ်) ကုမ္ပဏီမှအပ အခြားပုဂ္ဂိုလ်စုတို့က စာချုပ်အရ အခွန်ဆိုင်ရာ အကျိုးခံစားခွင့်တစ်ရပ်ရပ်ကိုခံစားလို၍ တောင်းခံမည်ဆိုပါက သက်ဆိုင်ရာအခွန်ရုံးများသို့တင်ပြရာတွင် အသုံးပြုရမည့် သတ်မှတ်ပုံစံများ နှင့် အခွန်ရုံးမှ ထုတ်ပြန်ရမည့်အကြောင်းကြားစာများအား ဤအမိန့်ကြော်ငြာစာဖြင့် အောက်ပါအတိုင်း ထုတ်ပြန်သတ်မှတ်လိုက်သည် -

| စဉ် | အကြောင်းအရာ | ပုံစံအမှတ် |
|---|---|---|
| ၁။ | အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေး သဘောတူစာချုပ် (DTA) အရ ပြည်ပနေပုဂ္ဂိုလ်အတွက် အခွန်ဆိုင်ရာအကျိုးခံစားခွင့် လျှောက်လွှာပုံစံ | ပတခ (ဝင) -၁၁-၀၁ |
| ၂။ | အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေး သဘောတူစာချုပ် (DTA) အရ ပြည်ပနေပုဂ္ဂိုလ်အတွက် အခွန်ဆိုင်ရာအကျိုးခံစားခွင့် လျှောက်လွှာအပေါ် စစ်ဆေးချက်မှတ်တမ်း | ပူးတွဲ (၁) |
| ၃။ | DTA ဆိုင်ရာ အကျိုးခံစားခွင့်လျှောက်ထားရန် ကိုယ်စားလှယ်လွှဲစာ | ပူးတွဲ (၂) |
| ၄။ | DTA ဆိုင်ရာ အကျိုးခံစားခွင့်ရရှိကြောင်း အကြောင်းကြားစာ | ပတခ (ဝင) -၁၁-၀၂ |
| ၅။ | DTA ဆိုင်ရာ အကျိုးခံစားခွင့် မရရှိကြောင်း အကြောင်းကြားစာ | ပတခ (ဝင) -၁၁-၀၃ |

၂။ မြန်မာနိုင်ငံအတွင်း ဝင်ငွေဖြစ်ထွန်းပေါ်ပေါက်ပြီး ယင်းဖြစ်ထွန်းပေါ်ပေါက်သည့် ဝင်ငွေအပေါ် အခွန်ကျသင့်မည့် ပြည်ပနေပုဂ္ဂိုလ်များ ဖြစ်သည့် ကုမ္ပဏီ (သို့မဟုတ်) တစ်ဦးချင်းပုဂ္ဂိုလ် (သို့မဟုတ်) ကုမ္ပဏီမှအပ အခြားပုဂ္ဂိုလ်စုတို့ အနေဖြင့် (Avoidance of Double Taxation Agreement -DTA) စာချုပ်တွင် ပြဋ္ဌာန်းထားသည့် သတ်မှတ်ဝင်ငွေ အမျိုးအစားများ နှင့်စပ်လျဉ်း၍ အခွန်သက်သာခွင့် (သို့မဟုတ်) ကင်းလွတ်ခွင့် လျှောက်ထားပါက အထက်ဖော်ပြပါ ဇယားအမှတ်စဉ် (၁)၊ (၂)၊ (၃) ပါ သတ်မှတ်ပုံစံများအား အသုံးပြု၍ လျှောက်ထားရမည်ဖြစ်ပါသည်။

(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၁(၁)/ဥစ-၁/ပတခ/၂၀၂၃( ၅၂၀၁ )
ရက်စွဲ ၊ ၂၀၂၃ ခုနှစ် ဇူလိုင် လ ၁၂ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာရင်းကောင်စီ
အခွန်အယူခံခုံအဖွဲ့
ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်း ကြေညာပေးပါရန်
ဒုတိယညွှန်ကြားရေးမှူးချုပ် (အားလုံး)
ဌာနခွဲညွှန်ကြားရေးမှူး (အားလုံး)
ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (၁)၊ (၂)
ဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)
တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူး (အားလုံး)
ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး
} သက်ဆိုင်ရာအခွန်ထမ်းများကို အသိပေးရှင်းလင်းရန် ညွှန်ကြားပေးပို့ပါသည်
ပြန်ကြားရေးအဖွဲ့ (နေပြည်တော်) } ပြည်တွင်းအခွန်များဦးစီးဌာန website တွင် လွှင့်တင်ရန် ညွှန်ကြားပါသည်။

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း
မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
မိတ္တူကို
ရုံးလက်ခံ